၂၀၁၉ ခုနှစ်

တက္ကသိုလ်ဝင်စာမေးပွဲ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ဘောဂဗေဒ                                                    ခွင့်ပြုချိန် (၃) နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို မှား သို့မဟုတ် မှန် ဖြေဆိုပါ။ (၅ မှတ်)

၁။ ကျောက်ကြားလိုမှု၊ ကြွားဝါလိုမှုများသည် လူတို့၏စိတ်ပိုင်းဆိုင်ရာလိုအင်ဆန္ဒများဖြစ်သည်။

၂။ ကုန်စည်တစ်ခု၏ထုတ်လုပ်မှုနည်းပညာတိုးတက်ပြောင်းလဲခြင်းသည် ယင်းကုန်စည်၏ထုတ်လုပ်မှုစရိတ်ကို ကျဆင်းစေနိုင်သည်။

၃။ အိမ်ထောင်စုများထံမှ ကုန်ထုတ်အင်အားစုများကို အသုံးပြုသည့်အတွက် စီးပွားရေးလုပ်ငန်းများသည် အင်အားစုအခငွေများကို ရရှိကြသည်။

၄။ ကုန်သန်းရောင်းဝယ်ရေးဘဏ်များသည် စီးပွားရေးလုပ်ငန်းများ၏ကာလရှည်ဘဏ္ဍာရေးလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသည်။

၅။ အစိုးရ၏ရငွေများမှာ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများ၏ရငွေများကဲ့သို့ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းချခြင်းမှ ရရှိခြင်းဖြစ်သည်။

(ခ) အောက်ပါ ဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က)(ခ)(ဂ)များမှ အဖြေမှန်ကို အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ ပို့ကုန်အတွက်ရငွေနှင့်သွင်းကုန်အတွက်ပေးငွေ ခြားနားချက်ကို (က) သာမန်စာရင်းလက်ကျန် (ခ) ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် (ဂ) ကုန်သွယ်မှုလက်ကျန် ဟုခေါ်သည်။

၂။ နိုင်ငံ၏ငွေကြေးပမာဏကိုလျှော့ချလိုပါက ဗဟိုဘဏ်သည် (က) အစိုးရစာချုပ်ထုတ်ရောင်းခြင်း (ခ) ဘဏ်တိုးနှုန်းလျှော့ချခြင်း (ဂ) သီးသန့်ငွေသားအချိုးလျှော့ချခြင်း ကိုဆောင်ရွက်နိုင်သည်။

၃။ ကာလရှည်ချေးငွေထုတ်ချေးခြင်း၊ ငွေချေးယူခြင်းတို့နှင့်သက်ဆိုင်သည့်ဈေးကွက်ကို (က)ငွေကြေးဈေးကွက် (ခ) အင်အားစုဈေးကွက် (ဂ) အရင်းအနှီးဈေးကွက် ဟုခေါ်သည်။

၄။ တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် နှစ်ထပ်ကွမ်းတွက်ချက်မှုမဖြစ်စေရန် စုစုပေါင်းဝင်ငွေကို (က) ကုန်ကြမ်းတန်ဖိုး (ခ) ထပ်ဆင့်တိုးတန်ဖိုး (ဂ) ကုန်ထွက်တန်ဖိုး ဖြင့်တွက်ချက်ရသည်။

၅။ အမဲသားထုတ်လုပ်ခြင်းသည် နွားသားရေကိုပါ ပူးတွဲထွက်ရှိလာပါက ထိုကုန်စည်နှစ်မျိုးကို (က) တွဲဖက်ကုန်စည် (ခ) တွဲဖက်ထုတ်ကုန် (ဂ) အစားထိုးထုတ်ကုန် ဟုဆိုနိုင်သည်။

[တစ်ဖက်သို့

(ဂ) အောက်ပါကွက်လပ်များတွင်ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၁၀ မှတ်)

၁။ ငွေပေးချေမှုများပြုလုပ်သည့်အခါ ________ အစား ချက်လက်မှတ်ကို အသုံးပြုနိုင်သည်။

၂။ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်နှင့် အသားတင်တိုင်းပြည်ထုတ်ကုန်တို့သည် ________ အရ ခြားနားသည်။

၃။ မုန်တိုင်းကျရောက်ခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရပြီး ယင်းအသုံးစရိတ်များကို ________ အတွက်အသုံးစရိတ်များဟုခေါ်သည်။

၄။ ကုန်စည်တစ်ခု၏ဈေးနှုန်းပြောင်းလဲမှုအပေါ်ယင်းကုန်စည်ကိုဝယ်ယူသောအရေအတွက်အချိုးညီစွာ တုန့်ပြန်ပြောင်းလဲပါက ယင်းကို ဝယ်လိုအား၏ ________ ရှိခြင်းဟုခေါ်သည်။

၅။ စားသုံးသူများသည် ကုန်စည်အသီးသီး၏ ________ အရ မည်သည့်ကုန်စည်ကို မည်မျှဝယ်ယူမည်ဟူသော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

၆။ ________ သည် တိုင်းပြည်များ၏နည်းပညာပြောင်းလဲမှုအခြေအနေနှင့် စွမ်းအားစုပိုင်ဆိုင်မှုအခြေအနေတို့အပေါ် မူတည်၍ပြောင်းလဲစေသည်။

၇။ ဈေးနှုန်းတက်ခြင်းကြောင့် ________ တို့၏ အမှန်ဝင်ငွေကျဆင်းသည်။

၈။ အစားထိုးထုတ်ကုန်ဆိုသည်မှာ ________ တူညီသောကုန်စည်များဖြစ်သည်။

၉။ မမျှော်လင့်ဘဲ သွင်းကုန်တန်ဖိုးတက်လာသည့်အခါ နိုင်ငံတွင်ထားရှိထားသော ________ ကို အသုံးပြုနိုင်သည်။

၁၀။ ဈေးနှုန်းပြောင်းလဲမှုကို ခြုံငုံ၍လေ့လာလိုပါက ________ ကို အသုံးပြုကြသည်။

၂။ အောက်ပါတို့အနက်မှ(၁၀) ခု၏ အဓိပ္ပာယ်ကိုဖော်ပြပါ။ (၂၀ မှတ်)

| | | | |
|---|---|---|---|
| ၁။ | ဈေးကွက်ယန္တရား | ၇။ | ငွေပိုထုတ်ဈေးခြင်း |
| ၂။ | လုပ်အား | ၈။ | ဆနှုန်းကိန်း |
| ၃။ | ရောင်းလိုအားဥပဒေသ | ၉။ | ဘဏ္ဍာရေးမူဝါဒ |
| ၄။ | ဝယ်လိုအားမျဉ်းကွေး | ၁၀။ | ထပ်ဆင့်တိုးတန်ဖိုးခွန် |
| ၅။ | ပြည်တွင်းသုံးရန်လက်ကျန် | ၁၁။ | နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်း |
| ၆။ | အမည်ခံဝင်ငွေ | ၁၂။ | လူ့အရင်းအမြစ်အင်အားစု |

၃။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂) ခုကိုမှတ်စုရေးပါ။ (၂၀ မှတ်)

၁။ တစ်ဦးချင်းဝယ်လိုအားနှင့် ယင်းကုန်စည်၏ဈေးနှုန်း

၂။ ငွေကျုံ့ခြင်း

၃။ ပြည်သူ့ဘဏ္ဍာရေး၏အဓိပ္ပာယ်

၄။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကြောင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမြင့်မားစေခြင်းနှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း

၄။ (က) ဈေးကွက်အမျိုးမျိုးကိုဖော်ပြ၍ရှင်းလင်းဖြေဆိုပါ။ (၂၀မှတ်)

(သို့မဟုတ်)

(ခ) စီးပွားရေးအဆောက်အအုံတွင် ဝင်ငွေများ မည်သို့လည်ပတ်စီးဆင်းနေသည်ကို ပုံနှင့်တကွ ရှင်းလင်းဖြေဆိုပါ။ (၂၀မှတ်)

၅။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂)ခုကိုဖြေဆိုပါ။ (၁၀× ၂)မှတ်

(က) နိုင်ငံတစ်နိုင်ငံ၏ နှစ်တစ်နှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| အကြောင်းအရာ | ကျပ်သန်းပေါင်း |
|---|---|
| ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း | ၂၀၃၀၀၃ |
| ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်း | ၃၁၅၀၃၀ |
| ကုန်သွယ်မှုတန်ဖိုးစုစုပေါင်း | ၁၅၇၁၆၈ |
| သွယ်ဝိုက်ခွန် | ၁၂၄၂၅ |
| ထောက်ပံ့ကြေး | ၁၈၆၅၀ |
| နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ | ၉၉၃၅ |
| ပြုန်းတီးမှုတန်ဖိုး | ၆၇၆၆ |

၁။ အဆိုပါနိုင်ငံ၏ GDP, GNP နှင့် NNP တို့ကိုရှာပါ။
၂။ အကယ်၍ နိုင်ငံ၏လူဦးရေမှာ ၄၅ သန်းဖြစ်လျှင် ယင်းနိုင်ငံ၏ တစ်ဦးကျဝင်ငွေကိုရှာပါ။

(ခ) အောက်ပါဇယားတွင် ကုန်စည်(၃)မျိုးတို့၏ ဈေးနှုန်းများနှင့် ဝယ်ယူသည့်အရေအတွက်များကို ဖော်ပြထားသည်။ (၂၀၁၈ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်။)

| ကုန်စည် | ဝယ်ယူသည့်အရေအတွက် (ယူနစ်) | ဈေးနှုန်း(ကျပ်) | |
|---|---|---|---|
| | | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် |
| A | ၁၀ | ၂၅၀ | ၃၀၀ |
| B | ၅ | ၃၀၀ | ၃၂၅ |
| C | ၆ | ၄၀၀ | ၅၀၀ |

၁။ သက်ဆိုင်ရာနှစ်များ၏ စားသုံးသူဈေးဆနှုန်းကိန်းများကို တွက်ချက်ပါ။
၂။ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ငွေဖောင်းပွမှုနှုန်းကို တွက်ချက်သုံးသပ်ပြပါ။

[တစ်ဖက်သို့

(ဂ) နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေးဆန္နန်းကိန်းနှင့် သွင်းကုန်ဈေးဆန္နန်းကိန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ (၂၀၁၇ ခုနှစ်မှာအခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆန္နန်းကိန်း | သွင်းကုန်ဈေးဆန္နန်းကိန်း |
|---|---|---|
| ၂၀၁၇ | ၁၀၀ | ၁၀၀ |
| ၂၀၁၈ | ၉၀.၈ | ၉၉ |
| ၂၀၁၉ | ၁၂၀.၅ | ၁၁၀ |

၁။ ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကိုတွက်ချက်ပါ။

၂။ ကုန်ဖလှယ်မှုအချိုး ပြောင်းလဲခြင်းများကိုသုံးသပ်ပြပါ။

---